ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
Coronavirus Disease 2019 (COVID-19) နှင့်စပ်လျဉ်း၍
စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လိုက်နာဆောင်ရွက်ရန်
ဖြည့်စွက်အသိပေးထုတ်ပြန်ကြေညာခြင်း
၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၃ ရက်)

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) အား ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြု ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ပြီးမှသာ ဖွင့်လှစ်ကြရန်နှင့် ၂၀-၄-၂၀၂၀ ရက်နေ့မှ ၃၀-၄-၂၀၂၀ ရက်နေ့ ကာလအတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာပူးပေါင်းအဖွဲ့များ၏ စစ်ဆေးမှုများကိုခံယူပြီး ယင်းအဖွဲ့များ၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့် ကိုက်ညီမှသာ ပြန်လည်ဖွင့်လှစ်ရန်ဖြစ် ကြောင်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ၁၉-၄-၂၀၂၀ ရက်နေ့တွင် အသိပေးထုတ်ပြန် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအသိပေးထုတ်ပြန်ကြေညာချက်ပါ စက်ရုံ၊ အလုပ်ရုံများနှင့် အလုပ်ဌာနများအနက် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) ကို ကာကွယ်ထိန်းချုပ်နေသည့်ကာလအတွင်း အောက်ဖော်ပြပါလုပ်ငန်းများကို မရှိမဖြစ်လိုအပ်သည့်လုပ်ငန်းများ၊ အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူ အတွက်လိုအပ်သောလုပ်ငန်းများအဖြစ် သတ်မှတ်လိုက်သည်-

(က) **မရှိမဖြစ်လိုအပ်သည့်လုပ်ငန်းများ**

(၁) နိုင်ငံတော်ပိုင် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်း၊

(၂) ရေပေးဝေရေးလုပ်ငန်း၊

(၃) လျှပ်စစ်ဓါတ်အား နှင့် လောင်စာစွမ်းအင်ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးသည့် လုပ်ငန်း၊

(၄) မီးသတ်လုပ်ငန်း၊

(၅) ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊

(၆) ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာလုပ်ငန်း။

(ခ) အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ

(၁) သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရုံနှင့် ပွဲရုံလုပ်ငန်း၊

(၂) ဆိပ်ကမ်းလုပ်ငန်း၊ ကုန်ပစ္စည်းပို့ဆောင်ရေးနှင့် ကုန်တင်ကုန်ချလုပ်ငန်း၊

(၃) ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်း၊

(၄) စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်း၊

(၅) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း၊

(၆) အာမခံကုမ္ပဏီနှင့် ကုန်ထုတ်လုပ်မှုမရှိသောကုမ္ပဏီလုပ်ငန်း၊

(၇) အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း၊

(၈) ပြန်ကြားရေးလုပ်ငန်း၊

(၉) မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တံတားဖြတ်သန်းခ ကောက်ခံသည့်လုပ်ငန်း၊

(၁၀) ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊

(ဂ) အများပြည်သူအတွက်လိုအပ်သောလုပ်ငန်းများ

(၁) ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဆိုင်ရာလုပ်ငန်း၊

(၂) သတ္တုနှင့် သယံဇာတလုပ်ငန်း၊

(၃) ဓါတုဗေဒဆိုင်ရာလုပ်ငန်း၊

(၄) ဆောက်လုပ်ရေးလုပ်ငန်း၊

(၅) ငါး၊ ပုဇွန်မွေးမြူရေး၊ ဖမ်းဆီးရေးနှင့် အအေးခန်းလုပ်ငန်း၊

၃။ အပိုဒ် (၂) ပါ လုပ်ငန်းများအားဆက်လက်ဖွင့်လှစ်သွားရန်ဖြစ်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များတွင် ဆောင်ရွက်ထားရမည့်အချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ဖြစ်ပါသည်။ ဆောင်ရွက်ပြီးစီးပါက အထောက်အထားများဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်နှင့် သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ စစ်ဆေးမှုခံယူနိုင်ရေး ဆောင်ရွက်ထားရှိရန်ဖြစ်ကြောင်း ဖြည့်စွက် အသိပေးကြေညာလိုက်သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန